# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
# ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေကို
# ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ
အမှတ် ၇/၂၀၀၇)

၁၃၆၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်
(၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် —

> "၄။ တရားရုံးချုပ်သည် နေပြည်တော်တွင် ရုံးထိုင်ရမည်။ လိုအပ်ပါက ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် အခြားသင့်လျော်ရာ ဒေသတစ်ခုခုတွင်လည်း ရုံးထိုင်နိုင်သည်။"

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ